
အတွဲ ၆။ အမှတ် ၃။

# ရွှေသွေး ဂျာနယ်


၁၃၃၅ ခု၊ ပြာသိုလဆုတ် ၁၂ ရက် (၁၉-၁-၇၄)



## စိတ်ကျဉ်းသောခွေး


စနေနေ့တိုင်း ထုတ်ဝေသည်။


တခါက စားရမဲ့သောက်ရမဲ့ ဝိန်လှီနေသော ခွေးလေ ခွေးလွှင့်ကလေး တကောင် ရှိ၏။
ဗြော်။ ငါ့နှဲ့နော်၊ နေစရာလဲ အိမ်မရှိ။ အစာကျွေးမဲ့ သခင်လဲမရှိ။ သေတာကမှ ကောင်းအုံးမယ်။
မှီခိုစရာ နေအိမ်မရှိသဖြင့်—
ငါ့မှာ - - - နေရတာလဲ-တောထဲ။ ဘယ်ဈေးရှိုး ခွေးမျိုးမြစ် ယင်လိုးကောင်းသား
ညညကျမှအဲ အရပ်ထဲက အမှိုက်ပုံမှာ စားကြွင်း စားကျန် လေးတွေ ရှာဖွေ စား ရတော့ တယ်
ညညကျမှသာလျှင် အမှိုက်ပုံတွင် သွား၍ အစားအစာ ရှာရလေသည်။
တခါတရံ အစာမရသည့်အခါ၌ ကြွက်များ ကိုပင် ဖမ်းစားရရှာသည်။
လူတွေကလဲ မကောင်းဘူး။ ငါ့ကိုတွေ့သည် - အလကားနေရင်း အော်-ဟစ်-ကြိမ်း-မောင်း လုပ်ရုံသာမက - -
ဟဲ့ခွေး - သွားစမ်း
ခွေးစုတ် ခွေးနာ သေပေတော့
အိုင်
အိုင်



သူ ရေသောက်နေကျ ဖြစ်သော ရေကန် ကလေးတွင် မကြာမကြာ တွေ့ရသူကား—
တနေ့တွင်—
ဟင်
ငါ့ကိုနှိပ်စက်တဲ့ လူသားပါလား၊ ဒင်း တယောက်ထဲ ရှိတုန်း.. ဂလဲ့စားချေရလျှင်ကောင်းမယ်
ထိုသူငယ်ကလေး အနားသို့ ကပ်သွားပြီး
အိုး
အဆီအစိ နေတဲ့-ခြေသလုံး လေးကို- ကိုက်ထဲ့ လိုက်မယ်
ထိုအခိုက် ထိုသူငယ်သည် လှေကလေးကို လှမ်းဆွဲလိုက်စဉ် ရုတ်တရက် ရေထဲ လိမ့်ကျ သွားရာ—
ဝုန်း
ဟိုက်!


မောင့်အင်.... ဒီကောင် ဘာလို့ ရေမကူးပါလိမ့်။ နို့ခွေးတွေကတော့ ရေထဲရောက် တာနဲ့ ကူးကြ တာဘဲ။ လူသားများဟာ ရေမကူး တတ်ဘူး လား မသိ
ဟိ ဟိ
ယက်ကန် ယက်ကန် -ဖြစ်နေပြီ ဝမ်းသာ လိုက်တာ
ခစ် ခစ်
သူငယ်မှာ ရေမကူးတတ်၍ အတော်ကြာ ရုန်းကန်နေသည်ကို မြင်လျှင်
ဟ - ခုတော့လဲ သနားစရာ ဖြစ်နေပြီ။ ရေနစ် သေနိုင်တယ်။
စိတ်ပြောင်းပြီး ကုန်းပေါ် ဆယ်တင် လိုက်၏။
ခွေးငယ်သည် သူ့ကိုယ်သူ ခါလိုက်၏။
သူငယ်ကား ငြိမ်နေပြီး အားမြန်၍ အသက် ရှူနေသည်ကို တွေ့သော်-
ဟေ- ဒီကောင် သူ့ကိုယ်ကရေတောင် မခါတတ်ပါလား။ လူသား ဆိုတာ တယ် ညံ့ပါ လား
ဟော့ ဟဲ့
ဟောဟဲ့


အတန်ကြာသော် သတိရလာပြီး -
လာလာ။ အနားလာပါအုံး။ မင်း-တယ်စိတ်ကောင်းရှိတဲ့ခွေးလေးဘဲ။ မင်းဟာ-ငါ့ကျေးဇူးရှင်ဘဲ။ မင်းဘယ်မှာနေလဲ။
သို့သော် ခွေးငယ်သည် သူ့ကို ရိုက်မည်ထင်၍ တောထဲသို့ ပြန်ပြေးလေ၏။
ဟောဗျ
တောထဲဝင်ပြေးသွားတယ်ပါလား
တောတွင်း မိတ်ဆွေများထံ ရောက်လျှင်
ဒီနေ့မှာ-ကောင်လေးတယောက်ရေနစ်နေတာတွေ့လို့သနားတာနဲ့ ကယ်တင်ခဲ့ရတယ်
မိတ်ဆွေ တောကြောင်က
ထွီ.....ဒီလူကောင်လေးက-နင့်ကိုတွေ့ယင်-ခဲနဲ့ပေါက်အုံးမှာဘဲ။
နင်-ရူး နေပြီထင်တယ်။ ဘယ့်နှဲ့ကွယ်-ရန်သူ လူသားကိုကယ်တင်ခဲ့သတဲ့။
ဒလကါးကောင်
ရန်သူ-လူသားကိုတွေ့ယင်ရက်စက်ကြမ်းကြုတ်နိုင်မှတော်ကါကျတယ်။ မှတ်ထား။ တောက်! အ-တာက လွှန်နေတာဘဲကိုး
မြေခွေးကလည်း အပြစ်တင်၏။
ထို့ကြောင့် ခွေးငယ်မှာ သူငယ်လေးကို ကယ်ဆယ်မိ၍ စိတ်မကောင်း ဖြစ်မိနေလေ၏။
ငါမှားပြီ
ငါမှားပြီ
မြွေသလုံးကိုကိုက်လိုက်ရ အကောင်းသား
ခုတော့-ပိုင်းဆို ကြိမ်းမောင်းခံရတာပေါ့
လူသားဆိုတာရန်သူတဲ့


ထိုနေ့ညတွင် သူငယ်လေးသည် အိပ်ရာထဲ၌ တွေးတောနေလေသည်။
ဝို..ဒီနေ့ရေထဲလိမ့်ကျတုန်းက ဟိုခွေးလေးသာ မလာယင် ရေနစ်ဖို့သေမှာဘဲ၊ အဲဒီခွေးလေးကို ရအောင်လိုက်ရှာဦး ဘယ်လိုများ ကျေးဇူးဆပ် ရပါလိမ့် မလဲ.....
သူငယ်လေး အိပ်ပျော်သွားပြီး ညသန်းခေါင်အချိန်တွင် အသံ တခုကြောင့် နိုးလာလေသည်။
ခွေးအူသံပါလား ........
ဟာ ဟိုခွေးလေး အသံနဲ့တူ တယ်။
သွားဦး ကြည့် ရဦးမှ ဘဲ
ဟုတ်ပါပြီ... ဟိုခွေးလေးဘဲ..... ဟိုလူတွေ တောကြောင်ထောင်ထားတဲ့ သံတောင်ချောက်မှာမိနေတယ် ထင်တယ်
အနီးကပ် သွားသောအခါ ခွေးငယ်သည် ကြောက်ကြောက်နှင့် မာန်ဖီနေ၏။
ဂရုမစိုက်ပဲ သံညှပ်ကို ဖြုတ်ပေးလျှင်
ခွေးငယ် ထွက်ပြေးမည်ပြုကာ
အို အို -- လာလာ -


နောက်ဆုတ် နောက်ဆုတ် လုပ်နေရာ သူငယ်လေးက ဖလကလေးချွန်၍
လာလာ-ငါနဲ့ လိုက်ခဲ့ပါလား။ မင့်ခြေနာ ဆေးကုပေးမယ်လေ။ မပျောက်ယင် မင့်ခြေထောက် ပုပ်ပြီး ပြတ်သွားနိုင်တယ်။
အင့်ဟင့်... သူကြည့်ရတာ-သနားကျင်နာဖွယ် ရတယ်။ ဒုတ်တို့-ခဲတို့-လေးခွတို့-ဘာမှ လက်ထဲမှာ မပါဘူး။
ဘာတွေမှာနေ တာလဲမသိ၊ ခုက အကဲခပ်ပြီး ကြည့်နေ ဦးမှဘဲ
မကြာမီ သူငယ်လေးသည် ခွေးငယ်အနား ရောက်လာပြီး ပွေ့ချီလိုက်၏။
အား-ကျွတ်ကျွတ် နာလိုက်တာ... ...တွေ့သမျှ အားလုံး လျှောက် ကိုက်လိုက် ချင်လိုက်တာ ----
...သူ့လက်ကို တအားကိုက်လိုက်ယင်တော့-ငါ့ကို လွှတ်ချမှာဘဲ။ ဒါပေမဲ့ -ငါ့လက်က ဒဏ်ရာနဲ့ ဆိုတော့-သူ့ကိုလွတ်အောင်မပြေး နိုင်မှာ မဟုတ်ဘူး။ ပြီးတော့-သူ့ခမျာ ငါ့ကို-ပျို့စွာကြီးက-ညကြီးမင်းကြီး လာကယ်ရှာတယ်။ ဒီတော့-သူ့ကို မကိုက်သင့်ဘူး။ ဘာခုလဲ-ကျင်ကျင် နာနာ ငါ့ကို ပွေ့ထားသားဘဲ....
...ကိုတောကြောင်တို့--ကိုမြေခွေးတို့ ပြောတော့လဲ တမျိုး။ လူသားဟာ-ငါတို့ရဲ့ ရန်သူ။ လူသားကို ရက်စက်ရမယ်...တဲ့။ ကဲလေ-အခု အချိန်မှာ-ငါလဲ ဘာမှမတတ် နိုင်ပြင်းအတူတူ တော့--သတ္တိကြီးစွာနဲ့ လိုက် သွားရမှာဘဲ..။
သို့ဖြင့် အိမ်ရောက်သွားကြလေ၏။
ဆက်ရန်

# အခြားနိုင်ငံများမှ




၁။ ပစိဖိတ် သမုဒ္ဒရာအတွင်း၌ ဆိုဆိုင်ယတီ ကျွန်းစုတွင် အသုံးပြုသော ငါးဖမ်းလှေဖြစ်၏။ ယင်းတွင် အုန်းလက်အုန်းရွက်များကို ရွက်အဖြစ် ထောင်ထား၍ ခြင်းတောင်း ရှည်ကြီးကို ငါးဖမ်းရန် အသုံးပြုလေသည်။





၂။ အမျိုးသမီးတဦးက လှော်၍ ပန်းများကို လှည့်လည်ရောင်းချနေသော လှေကလေးများကို မြောက်အမေရိကတိုက် မက္ကဆီကို အနီးရှိ ဇိုချီမီကိုရေအိုင်တွင် တွေ့ရ၏။ မြန်မာနိုင်ငံ အင်းလေးဒေသမှ ပန်းနှင့် ဟင်းသီး ဟင်းရွက်များကို လှေနှင့် လှည့်လည် ရောင်းချသကဲ့သို့ဖြစ်၍ ယင်းရေအိုင်တွင် အင်းလေးမှာကဲ့သို့ပင် ကျွန်းမျောများ ရှိလေသည်။




၃။ တရုပ်နိုင်ငံ ယန်ဆီမြစ်အတွင်း၌တွေ့ရသော မြန်မာနိုင်ငံမှ တုန်ကင်းနှင့် အလားတူလှေကြီးမျိုးဖြစ်၏။ ယင်းပေါ်၌ပင် လူများသည် နေအိမ်သဖွယ်ပြုလုပ်၍ နေထိုင်ကြ၏။

၄။ အုန်းသီးများကိုဖောင်ဖွဲ့၍ မြစ်အတွင်းမျှောကာ အနီးဆုံး ဈေးများသို့ လှည့်လည် ရောင်းချသည်ကို ဖိလစ်ပိုင်နိုင်ငံတွင် တွေ့ရ၏။






# ရေကြောင်းယာဉ်များ

ရေးသူ- မိုးလွင်မြင့်
ပန်းချီ- [illegible]

၅။ ကတ္တူခေါ် တရုပ်လှေကြီးများကို အရှေ့ဖျားနိုင်ငံများတွင် တွေ့ရှိရတတ်၍ လက်ဖက်ခြောက်၊ ဟင်းခတ် အမွှေးအကြိုင်နှင့် အခြားကုန်စည်တို့ကို တင်ဆောင် လှည့်လည် ရောင်းချလေသည်။

၆။ စမ်ပန် သို့မဟုတ် သမ္ဗန်များကို ဂျပန်၊ တရုပ်နှင့် အရှေ့တောင်အာရှ နိုင်ငံများရှိ မြစ်ရိုးတလျှောက်နှင့် ပင်လယ်ကမ်းခြေတဝိုက်တွင် တွေ့ရလေသည်။

၇။ ရွက်ကြိုးတန်ဆာဆင်ပြီး ကာနူးခေါ် လှေကို ပစိဖိတ်ကျွန်းသူကျွန်းသားတို့ ခရီးဝေးသွားလာရန် အသုံးပြုလေသည်။


၈။ အီရပ်နိုင်ငံတွင် အသုံးပြုသော ကူဖာခေါ် လှေသည် လုံးဝိုင်း၍ ပုတ်နှင့် သဏ္ဌာန်တူ၏ ခြင်းတောင်းကဲ့သို့ ရက်လုပ်ကာ သားရေဖြင့် ကာရံထားလေသည်။

၉။ အက်စကီးမိုးတို့၏ ကယက်ခေါ် လှေသည် ပင်လယ်ဖျံ၏ အရေခွံဖြင့် ပြုလုပ်ထား၍ ၁၆ ပေခန့်အထိ ရှည်လျားသည်။












# ဗက်ကောင်း

သရုပ်ဖော် မြင့်ဆွေလွင်

ဇာတ်လမ်း ရွှေဥ ရန်အောင်




တပည့်ဖြစ်သူလည်း ပါလာသောဓားဖြင့် အချက်ပေါင်းများစွာ ဝင်ခုတ်ရာ ကျားမှာသေသွားတော့၏။
အင်း! မင်းကယ်ပေလို့ပေါ့ ကွာ. ကဲ-ကျားသေကို - မြည်းပေါ်သာတင်- ပေတော့
ထို့နောက် ကျားအရေခွံကို ဆုတ်ပြီး သွားရောင်းရာ ဓားဒဏ်ရာ များလွန်းသဖြင့် ဈေးကောင်းမရပေ။
ကျုပ်ဖြင့် ယူတောင် မယူချင်ဘူး.
ဟုတ် . ဟုတ် ကဲ့ . ကျေးဇူး တင် ပါတယ်
အိမ်ပြန်ရောက်လျှင် တပည့်ကိုကြိမ်းမောင်းလေ၏။
မင်း . ကောင်လေ ... အသုံးမကျတဲ့ကောင်ပဲ ... ကျားကိုတချက်ထဲနဲ့သေအောင် ခုတ်သတ်လိုက် ရင်ပြီးရော - ခုတော့ - အရေခွံကို ဈေးပေါ ရောင်း ရတယ်
တပည့်ဖြစ်သူလည်း ပြန်မပြောပဲ ဝမ်းနည်းနေလေ၏။
နောက်တခါ . ဒီလိုမဖြစ်စေနဲ့.
အင်း! - ဦ - ဆင်ခြင်ရမှာ ဘဲ
သို့ဖြင့် လယ်အလုပ်များ ပါး၍ ထင်းခုတ်ထွက်ကြပြန်လေ၏။


ဤအကြိမ်တွင်မူ ဝက်ဝံတကောင်ရောက်လာပြီး လယ်ပိုင်ရှင်ကြီးကို ကိုက်ပြန်၏။
တပည့်ဖြစ်သူလည်း အော်သံကြားရာသို့ အပြေးအလွှား ရောက်လာ၏။
အမလေး . ကယ်ပါအုံး . တပည့်ရဲ့ . ကယ်ပါအုံး
သို့သော် သတိတခု ဝင်လာသဖြင့် ....
အင်း ! ဒီတခါ . အချက်ပေါင်း များရှာ . ခုတ်မိမယ်လ . ဟိုတခါလိုဘဲ
ချက်ကောင်းကို ခုတ်မိရန် နေရာရွေးနေလေ၏။
တချက်ထဲခို . သေနိုင်လောက်တဲ့နေရာကိုရွေးပြီး . ခုတ်ရမှဖြစ်မယ်
ချက်ကောင်းမရမချင်း ဓားကိုင်၍ စောင့်နေရာ ....
ချက်ကောင်း ချက်ကောင်း
ချက်ကောင်း . ချက်ကောင်း .
ချက်ကောင်း ချက်ကောင်း .
ချက်ကောင်း ချက်ကောင်း
နောက်ဆုံး ဝက်ဝံကြီး၏ ချက်ကောင်းကို ရှာမရမီ ဝက်ဝံကြီးက လယ်ပိုင်ရှင်ကြီး၏ ချက်ကောင်းကိုမိသွားလေတော့၏။





တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲတွင် မြန်မာတို့၏ မင်းလှခံတပ်သည် အရေးပါသော ခံတပ်တခု ဖြစ်၏။ မြန်မာနိုင်ငံကို သိမ်းပိုက်ရန် ရည်ရွယ်ကာ နယ်ချဲ့ အင်္ဂလိပ်တို့သည် ဧရာဝတီမြစ်ကို အမြောက်တင် စစ်သင်္ဘောများဖြင့် ဆန်တက်လာကြသည်။ စစ်သင်္ဘောများ ပေါ်တွင် ခေတ်မီ လက်နက်များ ကိုင်ဆောင်ထားသော စစ်သား အများအပြား ပါလာသည်။ လမ်းတလျှောက်လုံး မြန်မာတပ်များက ဧရာဝတီမြစ် ဝဲယာကမ်းမှ အင်္ဂလိပ်ရေတပ်ကိုတိုက်ခိုက် ခုခံကြသည်။

၁၈၈၅ ခု နိုဝင်ဘာလ ၁၇ ရက်နေ့၌ အင်္ဂလိပ် ရေတပ်သည် မင်းလှသို့ရောက်လာကာ ခံတပ်ကို အကြီးအကျယ် ပစ်ခတ်တိုက်ခိုက်တော့သည်။ မင်းလှခံတပ်ကို ကွပ်ကဲအုပ်ချုပ်သူမှာ လက်ရွေးကြီး လှေသင်းမိုလ် မင်းထင် မင်းလှရဲခေါင် သူရိန် ဖြစ်၏။ မင်းလှတိုက်ပွဲမှာ အပြင်းထန်ဆုံး တိုက်ပွဲတခုဖြစ်သည်။ ခံတပ်ကို စီးမိရန် အင်္ဂလိပ်တို့ သွေးမြေကျ တိုက်ခိုက်ခဲ့ကြရသည်။ မင်းလှခံတပ်တိုက်ပွဲတွင် အင်္ဂလိပ်ဘက်မှ ကျဆုံးသူ ဒဏ်ရာရသူ စုစုပေါင်း ၃၁ ယောက်ရှိသည်။ မင်းလှမြို့၏ အနောက်တောင်ဖက်တွင် အင်္ဂလိပ်စစ်မိုလ် "ဂျူရီ" ၏ သင်္ချိုင်းဂူရှိသည်။

ဧရာဝတီမြစ်အတိုင်း စုန်ဆင်းလာလျှင် မြစ်၏ညာဖက်ကမ်း မင်းလှမြို့အဝင်၌ မင်းလှခံတပ်ဟောင်းကြီးကို ယနေ့တိုင် ထီးထီးမားမား မြင်တွေ့နိုင်ပေသည်။

မျိုးညွန့်(ရန်ကုန်တက္ကသိုလ်)

## ကောင်းတာဘဲလုပ်မယ်



# မေမေရှင့်လွှတ်သာပါစေ

မောင်ညီအောင်



"ဒီကောင်လေး ဘယ်တော့မှ ခိုင်းမရဘူး၊ အလကား အသုံးမကျတဲ့ ပျင်းဘဲ"

ကျွန်တော့်ကို ခိုင်းမရသဖြင့် ဖေဖေက သို့နှယ် ပြောတတ်ပါသည်။ ဖေဖေသာမက ဖွားဖွားနှင့် ဒေါ်လေးကပါ ဤလိုပြောတတ်ပါသည်။ သူတို့ ပြောချင်သလို ပြောပါစေ။ ကျွန်တော်ကား အိမ်အလုပ်လုပ်ပေးရမည်လောက် ပျင်းစရာကောင်းတာ မရှိဟု ထင်မှတ်လက်ခံထားပြီး ဖြစ်သည်။ ကျောင်းက ပြန်ရောက်လျှင် လွယ်အိတ်ကို ပစ်ချ၍ မြင့်ခိုင်တို့ စိုးဝင်းတို့နှင့် ဘောလုံး ကန်နေရလျှင် ကျေနပ်ပြီ။

မေမေ ကတော့ ဘာမျှ ...ခိုင်း။ လုပ်... ...ရှိလျှင် ကိုယ်ကိုင် ထ... ...သည်။ "နင့် ခိုင်းရတာထက် ကိုယ်တိုင်ထလုပ်တာကမှ သက်သာသေးတယ်" ဟု ရယ်မော ပြော တတ် သည်။ တဦးတည်း သားမို့ မေမေက အချစ်ပိုနေသည်။ ဖေဖေတို့ဒေါ်လေးတို့ ကလည်း ကျွန်တော့်ကို ဆူ မာန်ရုံကလွဲ၍ နာကျင်အောင်မရိုက်ပဘူး။ ထို့ကြောင့်ပင် ကျွန်တော်ကားလွတ်လပ်၊ နေပါတော့သည်။ ကစားမည်၊ စားမည်၊ အိပ်မည်၊ ကျောင်းသွားမည်၊ အချိန်တန်၍ စာမေးပွဲအောင်လျှင်ပြီးရော၊ တခြားလုပ်စရာ ကျွန်တော့်တွင်မရှိ။

ယနေ့ ဥပုသ်နေ့မို့ ကျောင်းပိတ်ပါသည်။ ဖေဖေက သမိုင်းချည်စက်မှ လုပ်သားကြီး ဖြစ်သည်။ အလုပ်သမားကြိုဘောကားက ဖေဖေ့ကိုလာခေါ်သွားပြီး၊ ဖွားဖွား... ဒေါ်လေး... ဘုန်းကြီးကျောင်းသို့ ဥပုသ်စောင့်ရန်သွားသည်။ ခဏကြာလျှင် အိမ်တွင်မေမေတယောက်သာ ကျန်ရစ်တော့မည်။ ကျွန်တော်ကား မြင့်ခိုင်တို့နှင့် ဘောလုံးချိန်းပွဲ သွားကစားရန် ပြောထားပြီး ဖြစ်သည်။

"ဟေ့ – သိန်းတန် သွားစို့ဟေ့၊ အချိန်နီးလာပြီကွ"

မြင့်ခိုင်တို့အသံ ဖြစ်သည်။

"သားရယ်မသွားပါနဲ့လား၊ မေမေ ခေါင်းတွေ မူးလာလို့ပါ။ ဈေးထိပ်မှာ ဆိုက်ကား သွားငှားပေးစမ်းပါကွယ်။ ပြီးတော့ ဆေးတိုက် လိုက်ပို့အုံးနော်"

ကျွန်တော် မယုံပါ။ စောစောကတင် အကောင်းသား။ ကျွန်တော် ဘောလုံးသွားကန်မည် ဆိုမှ ခေါင်းမူးသည်တဲ့။ မိုးရွာထဲ ဘော လုံး ကန် လျှင် ဖျားမည်စိုး၍ မသွားရန် မေမေ ဉာဏ်ဆင်ခြင်းသာ ဖြစ်ရမည်။ အရင်အပတ်က မိုးမိ၍ ကျွန်တော် ဖျားဘူးသည်။ ကျောင်း နှစ်ရက်ပင် ပျက်ရသည်။ ထို့ကြောင့် မေမေ စိုးရိမ်ခြင်း ဖြစ်မည်။

သည်အတွေးနှင့်ပင် ဆိုက်ကား ငှားပေးမည်ဟု မေမေ့ကို ပြောခဲ့ပြီး မြင့်ခိုင်တို့နှင့် ဘောကွင်း ထွက်ခဲ့သည်။ ဘောလုံးကွင်းတွင် ကျွန်တော်တို့ဖက်က ...နိုင်သည်။ ကျွန်တော်တို့ ပျော်... ...ကြသည်ဖြစ်ခြင်း။

...ကော် –

...သော် ကျွန်တော့် ပျော်...

ရှင်မှသည် အိမ်ပြန်ရောက်လျှင် ပျောက်တော့သည်။ အိမ်တွင် ခေါင်းရင်း အိမ်မှ လူကြီးနှင့် အိမ်နီးချင်းအချို့ကိုတွေ့ရသည်၊ ဖွားဖွားကား လွန်စွာ စိုးရိမ် ထိတ်လန့်နေပုံရသည်။

"မေမေကောမေမေ၊ မေမေ လေ–ဘယ်မှာလဲဗျ"


ဖွားဖွားက ကျွန်တော်မေးပါမှ မျက်ရည်တွေတွေ ကျလာသည်။မေမေ့အတွက်ကျွန်တော် စိုးရိမ်လာပါပြီ။ မေမေ ခေါင်း မူးတယ်ဆိုတာ တကယ်ပါလား ဟု ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော် နောင်တရ လေပြီ။

ကျွန်တော် သဘောပေါက် နောက်ကျခဲ့ပြီကော။ နောင်တ ရ နောက်ကျ လေပြီ ကော။ ခေါင်းမူးနေသော မေမေသည် ကုတင်ပေါ်တွင် သံမန်တစင်း နှင့် ခေါင်းရိုက်မိသော ဒဏ်ရာ ဖြင့် လဲနေခဲ့သည်။ ဖွားဖွားတို့ နောက်မှတွေ့သဖြင့် အိမ်နီးချင်း အချို့ကို အကူအညီ ခေါ်ပြီး ဒေါ်လေးက ဆေးရုံလိုက်ပို့ နေသည်ဟုဆိုသည်။ မေမေအသက် မှ ရှင်နိုင်ပါတော့မည်လား။

မေမေမျာ သေဆုံးပါသွား လျှင်တော့ ဤ အဖြစ် သည် ကျွန်တော့်အပြစ်သာ ဖြစ်ရပေ မည်။ ကျွန်တော်သာ ကစား မမက်ခဲ့ပါမူ.... မေမေ့ စကားကို နားထောင်၍ ဆေးတိုက် လိုက် ပို့ပေးခဲ့ပါမူ....

"ကျနော် ကစားမမက် တော့ပါ မေမေ၊ မေမေတို့ခိုင်း သမျှ ကူလုပ်ပေးပါတော့မယ်။ ကျနော် အလုပ်လုပ်ရမှာမပျင်း တော့ပါဘူးမေမေရယ်၊ ကျနော့် ကို ခွင့်လွှတ်ပါတော့၊ ကျနော့် ကို ခွဲမသွားပါနဲ့နော် မေမေ"


## မော်တော်ဘုတ် လုပ်ရအောင်



ပုံ-၁



ပုံ-၂



ပုံ-၃

အလျား ၁၀ လက်မ အနံ ၅ လက်မ ရှိသော ထင်းရှူးပြားတခုကို (ပုံ–၁) ပုံစံမျိုးရအောင် လွှငယ်နှင့်ဖြတ်ပါ၊

ယက်မအတွက် အလျား ၂ လက်မ အနံ ၁ လက်မအရွယ် (ပုံ–၂) ထင်းရှူးပြားငယ်ကိုလည်း လွှနှင့်ဖြတ်ပါ၊

(ပုံ-၃)အတိုင်း ယက်မပြားကို မော်တော်ဘုတ် နောက်ဖက်တွင် ရာဘာ ကွင်းဖြင့် ... ကပ်ပါ၊ ယက်မကို နောက်ပြ... ...ရစ်၍ ရေထဲချ လိုက်လျှ... ...ပါကိမ့်မည်၊

ဥထွး



## အိုးစည်းဝိုင်း

ဖြောင်းဖြောင်းခွပ်ခွပ်တေးမပီ၊
ဝါးလက်ခုပ်ကမြည်။

သံစီစီ ညှောင်နာကြေး၊
သံလွင် စည်းစုပ်လေး။

ရှို့ရှို့အေးအေး တာတာတီ၊
နှဲကြီးအော်ကာမြည်။

ရွှေအိုးစည် ဗေထုံလှမ်း၊
နားဝင်မကြည်ချမ်း။

ဂျမ်းရှုပ်ဂျမ်းရှုပ် လင်းကွင်းသံ၊
လေမှာဝဲလို့ပျံ။

တေးမပယ် နာဘယ်ကောင်း၊
တခုတခုချင်း။

ယိုင်းပင်းစုစည်း တီးမှုတ်သော်၊
အိုးစည်ဝိုင်းဟုခေါ် ။

ကိုယ်နှင့်တော်ရာကိုယ်ဝင်တမ်း၊
သာယာအိုးမခန်း။ ။

စန္ဒာမြင့်

# မိုးကောင်းငှက်



ငှက်ခါးနှင့် မျိုးတူဖြစ်သော မိုးကောင်း ငှက်သည် အလျား ၁၂ လက်မခန့်ရှိသည်။ ပျံသန်းသည့်အခါ တောင်ပံ တဖက်ဟးချက်တွင် အဖြူကွက်ကို တွေ့မြင်နိုင်သည်။ ထို့ကြောင့် ဤငှက်မျိုးကို တခါတရံ ဖြူတောင်းမှန်ကွက်ငှက် ဟူ၍လည်းခေါ်ကြ၏။ နားနေသောအခါ၌ မည်းနက်သော အဆင်းနှင့် နီရဲသော နှုတ်သီးကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

မိုးကောင်းငှက်၏ အသံသည် စူးရှ၍ မကြာမကြာအော်တတ်၏။ သို့သော်ငှက်ခါးလောက် မဆူညံပေ။ ပဲခူးရိုးမရှိကျွန်းတောများတွင် အတွေ့ရများ၏။ သစ်ခြောက်ပင်၏ ထိပ်ဖျားရှိသစ်ကိုင်းတို့၌ မလှုပ်မရှက်နားနေတတ်၏။ နားနေရာ၌ ဦးခေါင်းကို ရင်အုပ်နှင့် ပခုံးရှိအမွေးများကြားတွင် ဖုံးဖွက်ကာ ထား၏။ ပူပြင်းသော နေရောင်အောက်တွင် ကြာရှည်စွာ နေနိုင်သည်။ သာမန်အားဖြင့် ပျင်းရိလေးကန်သော်လည်း စိတ်ထကြွသည့်အခါ လျင်မြန် ဖျတ်လတ်သည်။ သစ်စားပိုး၊ ပုစဉ်းရင်ကွဲ၊ နံ့ကောင်စသည့်ငှက်ကို စားသည်။

ဧပြီလမှ မေလအတွင်း ငှက်များ သားပေါက်ကြ၏။ အသိုက် လုပ်လေ့မရှိ။ သစ်ပင်အခေါင်းတွင် အုလေ့ရှိ၏။ တမြုံလျှင် သုံးဥမှ လေးဥအထိရှိတတ်၍ တဥလျှင် ပျမ်းမျှအလျား ၁.၄၃ လက်မနှင့် ဖြက် ၁.၁၁ လက်မရှိသည်။



မိုးကောင်းငှက်ကို အရှေ့တိုင်းနိုင်ငံများနှင့် အနောက်ဖက်တွင် ဟိမဝန္တာ တောင်တန်း အလယ်ပိုင်းအထိတွေ့ရသည်။ မြန်မာနိုင်ငံတွင် တောင်ခြေရှိသစ်တောများတွင်တွေ့ရသည်။

စိုးမြင့်



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
... တာဝန်ခံ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ...
... ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

R. 517

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/